# စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ

**General Strike Committee (GSC)**

## ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ အာဏာသိမ်းစစ်အုပ်စုမှ ပြုလုပ်ခဲ့သော ရက်စက်ယုတ်မာသတ်ဖြတ်မှုများအပေါ် သဘောထားထုတ်ပြန်ချက်

**နေ့စွဲ။ ။ ၁. ၃. ၂၀၂၁**

အပြစ်မဲ့ပြည်သူများ၏ ငြိမ်းချမ်းစွာဆန္ဒပြခြင်းကို အာဏာသိမ်းစစ်အုပ်စုမှ ရက်စက်စွာ အကြမ်းဖက်ဖြိုခွဲ ခဲ့သဖြင့် ၂၅ . ၂ . ၂၀၂၁ နေ့အထိ ဖမ်းဆီးခံရသူ - ၇၇၁ ဦး ၊ ပြစ်ဒဏ်ကျခံရသူ - ၄ ဦး ၊ ဝရမ်းထုတ်ခံရသူ- ၆၁ ဦး ၊ ပြန်လည်လွတ်မြောက်သူ- ၈၂ ဦး ၊ တနိုင်ငံလုံးဆန္ဒပြမှုတွင် သေနတ်ဖြင့်ပစ်ခတ်သဖြင့် သေဆုံးသူများမှာ စုစုပေါင်း ၂၄ ဦးအထိရှိခဲ့ပါသည်။

အာဏာသိမ်းစစ်အုပ်စု၏ ဤလုပ်ရပ်သည် လူ့အခွင့်အရေးအရ ရက်စက်ယုတ်မာမှု၊ လူသားချင်းအပေါ် စာနာကင်းမဲ့မှု၊ စစ်ရာဇဝတ်ကျူးလွန်မှုတို့အပြင် မြို့လယ်ခေါင်၌ လူသတ်၊ပစ္စည်းလုယက်မှုများကိုပါ ကျူးလွန်ခဲ့သည်ကို အထောက်အထား သတင်းမှတ်တမ်းများနှင့်တကွတွေ့ရှိရပါသည်။ ဖမ်းဆီးခံရသည့် လူ၊ ယာဉ်များကို ငွေပေးပြီးပြန်လည်ရွေးခိုင်းသည့် ရာဇဝတ်ပြန်ပေးသမားလုပ်ရပ်များကိုလည်းကြားသိရပြီး၊ အင်တာနက်များဖြတ်တောက်သတင်းအမှောင်ချခြင်း၊ မီဒီယာများအားဖိနှိပ်ခြင်း၊ လူဆိုးလူမိုက်များအား အဖျက် အမှောက်လုပ်ရပ်များခိုင်းစေခြင်းတို့ကိုလဲ တောက်လျှောက်လုပ်ဆောင်နေသည်ကိုတွေ့ရပါသည်။ ထိုအခြေအနေတွင် လူထုမှ ကိုယ့်ကိုကိုယ်ကာကွယ်ရန်အတွက် ပြည်သူ့အုပ်ချုပ်ရေးတည်ဆောက်ရမည့်အချိန် ဖြစ်သည်ဟုလည်း ရှုမြင်မိပါသည်။

၁၉၄၈ မှ ယနေ့တိုင်စစ်အုပ်စုအဆက်ဆက်သည် ပြည်သူလူထုဘက်ကမရပ်ဘဲ လက်တဆုပ်စာ စစ်အုပ်စု၏ ထိပ်သီးဗိုလ်ချုပ်ကြီးများအကျိုးစီးပွားကိုသာ ကာကွယ်ပေးသည့်လုပ်ရပ်၊ စစ်ဗျူရိုကရက်အုပ်ချုပ်ရေး ယန္တရား၊ စစ်အုပ်စုဒေါက်တိုင်များ နှင့် စစ်အုပ်စု၏အခြေခံအုတ်မြစ်ဖြစ်သည့် ၂၀၀၈ ဖွဲ့စည်းပုံတို့ ကို ဖျက်သိမ်းဖယ်ရှားပြီး ပြည်သူ့အာဏာပြည်သူထံပြန်ရောက်ရန်အတွက် စုစည်းညီညွတ်စွာ နည်းသဏ္ဍာန်ပေါင်းစုံဖြင့်

တိုက်ပွဲဝင်ရန်အတွက် လူမျိုးပေါင်းစုံပြည်သူများ၊ စစ်အာဏာရှင်ဖျက်သိမ်းရေး အင်အားစုများနှင့်လက်တွဲကာ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ ပြည်သူများ၏ ထောက်ခံ ဝန်းရံမှုဖြင့် အဆုံးသတ်တိုက်ပွဲကို အညံ့မခံ၊ အရှုံးမပေးဘဲ အောင်ပွဲရသည်ထိတိုက်ပွဲဝင်သွားကြရမည်။

အရေးတော်ပုံ အောင်ရမည်